MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်

# အုပ်ချုပ်မှုဒါရိုက်တာအသစ်မှ စတင်တာဝန်ထမ်းဆောင်ခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH) ၏ ယာယီအမှုဆောင်အရာရှိချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးထွန်းလွင်သည် လုပ်ငန်းတာဝန်များအား လွှဲပြောင်းပြီးစီးပြီဖြစ်ပါသဖြင့် အဆိုပါရာထူးမှ အနားယူမည်ဖြစ်ပါကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များအား အကြောင်းကြားအပ်ပါသည်။

လုပ်ငန်းတာဝန်လွှဲပြောင်းစဉ်ကာလအတွင်း ဦးထွန်းလွင်မှ ယာယီအမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ငန်းဆောင်တာများကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းအား ဒါရိုက်တာအဖွဲ့မှ အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။

ယခုအခါတွင် လုပ်ငန်းတာဝန်များအား အောင်မြင်စွာ လွှဲပြောင်းပြီးစီးပြီဖြစ်ပါသဖြင့် ဦးမြင့်ဇော်သည် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစ၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးမြင့်ဇော်သည် MTSH စတင်တည်ထောင်စဉ် ကနဦးအစကပင် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ MTSH ၏ လုပ်ငန်းသဘာဝနှင့် နည်းစနစ်များအား နက်နက်နဲနဲသိမြင်သည့် ထိပ်တန်းအမှုဆောင်အရာရှိတစ်ဦးဖြစ်ပါသည်။

ဦးမြင့်ဇော်၏ ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Bachelor of Science (Chemistry) degree from Yangon University

Master of Business Administration (MBA) from University of Thai Chamber of Commerce

Diploma of Business Law (DBL) from Yangon University

Myanmar Directorship Certification from Myanmar Institute of Director Certification Program (MIoD) and Singapore Management University (SMU).

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ဦးမြင့်ဇော်သည် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီစသည့် လူသုံးကုန်ပစ္စည်း ကုန်သွယ်မှုလုပ်ငန်း၊ ယာဉ် အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေး နှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့တွင် အရောင်းနှင့်စျေးကွက်ဖော်ဆောင်မှု အတွေ့အကြုံ နှစ် (၂၀) ကျော်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ထွန်းလွင်

Board Secretary

MTSH